**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၁၁)နေရာနှင့် စာရင်းကိုင်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး (၇)နေရာတို့အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ရာထူး | လစ်လပ် | ဦးရေ(ကျား/မ) | ပညာအရည်အချင်း |
|---|---|---|---|
| ဒုတိယဦးစီးမှူး | ၁၁ နေရာ | ကျား(၃)ဦး၊ မ(၄)ဦး၊ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |
| | | ကျား/မ(၄)ဦး | ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ |
| စာရင်းကိုင်-၄ | ၇ နေရာ | ကျား/မ(၇)ဦး | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ဒုတိယဦးစီးမှူးရာထူးကို ရွေးချယ်ခန့်ထားခြင်းခံရပါက ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) စာရင်းကိုင်-၄ ရာထူးကို ရွေးချယ်ခန့်ထားခြင်းခံရပါက (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ရခိုင်) တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ကွန်ပျူတာလက်တွေ့အသုံးပြုနိုင်သူဖြစ်ရမည်။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်–

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( ခ) မွေးသက္ကရာဇ်နှင့် အသက်

( ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း

( င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( စ) အိမ်ထောင် ရှိ/မရှိ

(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: https://portal.moea.gov.mm ၊ Facebook Page: Ethnic Affairs , Ministry, Myanmar နှင့် Facebook Page: Department of Ethnic Literature and Culture တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ(ပူးတွဲ) ပါရှိရမည်–

(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်၊ ကွန်ပျူတာဆိုင်ရာအောင်လက်မှတ်မိတ္တူ)

( ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(တစ်လအတွင်း)

( ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်

( င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ

( စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း

(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း

( ဇ) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ (၃) ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ကို **မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ် (MD-013545)** သို့ ပေးသွင်းရမည်ဖြစ်ပြီး မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့ မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ် ပြုလုပ်၍ အဆိုပါငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ (၂၅-၇-၂၀၂၃) ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့ စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရရှိသူများကို ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့ စစ်ဆေးသွားမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ကြော်ငြာသင်ပုန်း၊ Website:https://portal.moea.gov.mm ၊ Facebook Page: Ethnic Affairs,Ministry,Myanmar နှင့် Facebook Page: Department of Ethnic Literature and Culture တို့တွင် ကြေညာပေးထားမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ်(၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၀။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၃၁၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
# လျှောက်လွှာပုံစံ

၁။ အမည် ------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

၃။ အသက်/မွေးနေ့သက္ကရာဇ်(ရက်၊လ၊နှစ်) ------------------------------------

၄။ လူမျိုး/ကိုးကွယ်သည့်ဘာသာ ------------------------------------

၅။ ကိုယ်တွင်ထင်ရှားသည့်အမှတ်အသား ------------------------------------

၆။ သွေးအုပ်စု ------------------------------------

၇။ ပညာအရည်အချင်း၊ ------------------------------------

အောင်မြင်သည့်ခုနှစ် ------------------------------------

၈။ လျှောက်ထားလိုသည့်ရာထူး ------------------------------------
(ရာထူးတစ်နေရာသာလျှောက်ထားရန်)

၉။ အိမ်ထောင် ရှိ/မရှိ ------------------------------------

၁၀။ အဘအမည် ------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

( ခ) အလုပ်အကိုင် ------------------------------------

၁၁။ အမိအမည် ------------------------------------

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------------

( ခ) အလုပ်အကိုင် ------------------------------------

၁၂။ ဝန်ထမ်းဖြစ်ပါက

(က) လက်ရှိရာထူး ------------------------------------

( ခ) ဌာန ------------------------------------

၁၃။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ် ------------------------------------

------------------------------------

၁၄။ အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ ------------------------------------

------------------------------------

(လျှောက်ထားသူလက်မှတ်)